ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

**National Community Driven Development Project**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇ -၂၀၁၈)




ခေါင်းဆောင်ကျေးရွာ                    လိုပူကျေးရွာအုပ်စု

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေစာရင်း | ၃ | |
| ၄။ | ကျေးရွာမြေပုံတည်နေရာ | ၄ | |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | |
| ၇။ | ကျေးရွာအတွင်းရှိဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇ | |
| ၈။ | ကျေးရွာအတွင်းရှိဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ၏ သုံးသပ်ချက် | ၈ | |
| ၉။ | ကျေးရွာအတွင်းရှိ ကျား၊ မ ဆိုင်ရာပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၉ | |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား၊ မ ဆိုင်ရာပင့်ကူအိမ်ဖော်ထုတ်ခြင်း ၏ သုံးသပ်ချက် | ၁၀ | |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့ အစည်းဆိုင်ရာချိတ်ဆက်မှု ဖေါ်ထုတ်ခြင်း | ၁၁ | |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့ အစည်းဆိုင်ရာချိတ်ဆက်မှု ဖေါ်ထုတ်ခြင်း ၏ သုံးသပ်ချက် | ၁၂ | |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကို ဖေါ်ထုတ်ခြင်း | ၁၃ | |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကို ဖေါ်ထုတ်ခြင်း ၏ သုံးသပ်ချက် | ၁၄ | |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း နှင့် ဓါတ်ပုံ | ၁၅ | ၁၆ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၇ | ၁၈ |
| ၁၇။ | ကျေးရွာအချက်အလက် ပုံစံ(၁) | ၁၉ | ၂၁ |
| ၁၈။ | စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ(၂) | ၂၂ | ၂၃ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ပုံစံ(၃) | ၂၄ | ၂၅ |
| ၂၀။ | နောက်ဆက်တွဲ(၄)၊ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၂၆ | |
| ၂၁။ | ကျေးရွာအစည်းအဆဝေးမှတ်တမ်း | ၂၇ | ၃၀ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၁ | ၃၂ |

# ဒီးမော့ဆိုမြို့နယ်အညွှန်းပြမြေပုံ




__လိုပုကျေးရွာအုပ်စု မြေပုံ__



# လိုပူအုပ်စု လူဦးရေနှင့် အိမ်ထောင်စုအရေအတွက်များ

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | အိမ်ထောင်စုအရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|---|
| | | | | ကျား | မ | စုစုပေါင်း |
| ၁. | ခေါင်းစောင်း | ၁၃ | ၁၃ | ၄၁ | ၂၉ | ၇၀ |
| ၂. | နာယောင်လာ | ၁၃၂ | ၁၃၂ | ၃၃၉ | ၃၄၈ | ၆၈၇ |
| ၃. | ဒေါ်ဆီးအီ | ၁၁၆ | ၁၁၆ | ၃၇၅ | ၃၇၇ | ၇၅၂ |
| ၄. | ချယ်ရီကုန်း | ၁၁ | ၁၁ | ၁၈ | ၂၀ | ၃၈ |



လူမှုရေးပြမြေပုံဇယား
ရက်စွဲ - ၁၅.၁၀.၂၀၁၇
ပါဝင်ဆွေးနွေးသူ
ကျား = ၄၇
မ = ၃၁
- ဘုရားကျောင်း
- စာသင်ကျောင်း
- မူကြိုကျောင်း
- စေတီ
- ဘောလုံးကွင်း
- မြေသားလမ်း
- ရေကန်
- သင်္ချိုင်း
- နေအိမ်
- မှတ်တိုင်

## ခေါင်းစောင်းကျေးရွာ၏ မြေပုံသုံးသပ်ချက်

ရက်စွဲ။ ၁၅.၁၀.၂၀၁၇

ခေါင်းစောင်းကျေးရွာ သည် ဒီးမော့ဆိုမြို့နယ်၊ လိုပူကျေးရွာ အုပ်စုတွင်ပါဝင်သော ကျေးရွာဖြစ်ပြီး ချယ်ရီကုန်းကျေးရွာအရှေ့ ဒီးမော့ဆို-တောင်ငူကားလမ်းမကြီးမှ လမ်းခွဲကာ (၅) မိုင်ခန့်ဝင်ရပြီး ဒေါ်ဆီးအီကျေးရွာအဆုံးတွင် တည်ရှိပါသည်။

ခေါင်းစောင်းကျေးရွာတွင် နေထိုင်ကြသောလူမျိုးစုမှာ **ကယန်းလဂီ**လူမျိုး တစ်မျိုးတည်းသာနေထိုင်ကြသည်။ ကျေးရွာတွင်အိမ်ခြေစုစုပေါင်း (၁၃) အိမ်သာရှိပြီး လူဦးရေမှာ အမျိုးသား(၄၁)ဦး နှင့် အမျိုးသမီး (၂၉)ဦး တို့ရှိကြပါသည်။ အသက်အရွယ်အပိုင်း အခြားအနေဖြင့် (၁နစ် မှ ၁၅နှစ်) အောက် (၄၀)ဦး၊ (၁၅နှစ် မှ ၄၅နှစ်) ကြား (၂၆)ဦး နှင့် (၆၀နှစ်) အထက် (၄)ဦး တို့ရှိကြပါ သည်။

အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအနေဖြင့် တောင်ယာ၊ လယ် လုပ်ငန်း တို့ကိုသာလုပ်ကိုင်ကြသည်။ ပညာရေးကဏ္ဍတွင် လူထုဗဟိုပြုစီမံကိန်း ၏ရံပုံငွေဖြင့် ဆောက်လုပ်ထားသောမူကြိုကျောင်းတစ်ကျောင်း တို့ရှိပါသည်။ သို့သော်မူကြိုဆရာမကိုမူကျေးရွာမှကိုယ်တိုင်ငှားရမ်းနေရသောအခြေအနေပင်ရှိသေးသည်။ လမ်းပန်း ဆက်သွယ်မှု အနေအထားမှာ နာယောင်လာကျေးရွာမှ ခေါင်းစောင်းကျေးရွာအထိ မြေသားလမ်းအဆင့် သာရှိသေးသောကြောင့် မိုးတွင်းကာလတွင်သွားလာရအလွန် ခက်ခဲသော အခြေအနေ တွင် ရှိသည်။

ရေရရှိမှုအခြေအနေမှာ ကျေးရွာတွင်းကိုယ်ပိုင် နှင့် ကျေးရွာပိုင် မိုးရေလှောင်ကန်များ ဆောက်လုပ်ပြီး အသုံးပြုကြသည်။ စိမ့်စမ်းရေသွယ်ယူထားမှုရှိသော်လည်း နွေကာလ၌ ရေထွက်ပင်ရင်းတွင် အားနည်းလာသောကြောင့် ရေလုံလောက်မှုမရှိပေ။ လျှပ်စစ်မီး ရရှိရန်အတွက်စတင်လုပ်ဆောင်လျှက်ရှိပါသည်။

**ပါဝင်ဆွေးနွေးသူ**

ကျား=၄၇ ဦး / မ=၃၁ ဦး

**ပံ့ပိုးကူညီသူ**

ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# <u>ခေါင်းစောင်းကျေးရွာ၏ နောက်ခံသမိုင်းအကျဉ်း</u>

လိုပူကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း(၁၆၇၀) ခုနှစ်ခန့်တွင် **စခု၊ ဘီလာ၊ စဘာ၊ နာရိုင်း ဂေါင်၊ နိုင်း၊ ဆူပလောက်** နှင့် **ဆူခဲ** စသည့်လူရှစ်ဦး (တစ်ချို့သူများတွင် မိသားစုပါဝင်သည်) သည် လိုပူတွင် လာရောက်အခြေချနေထိုင်ခဲ့ကြသည်။ ထိုသူများထဲမှ စဘာ နှင့် နာရိုင်း၊ ဂေါင် နှင့် နိုင်း၊ ဆူပလောက် နှင့် ဆူခဲ တို့သည် ညီအစ်ကို များဖြစ်ကြပါသည်။ **"လိုပူ"** ဟူသည်ကယန်း ဘာသာ ဖြင့် ခေါ်ဝေါ် ထား ခြင်းဖြင့်၍ **"ကျောက်ပေါက်"** ဟု အဓိပ္ပါယ်ရပါသည်။ ထိုကျောက်ပေါက်တွင်လာ ရောက်အခြေချနေထိုင်ခဲ့ကြသည့် အကြောင်းမှာ ရန်သူတို့မှအလွယ်တကူ မတိုက်ခိုက်နိုင်ရန်အ တွက်ဖြစ်ကြောင်း သိရှိရပါသည်။

နယ်မြေအခြေအနေများ တည်ငြိမ်လာသည့်အခါ ကျောက်ပေါက်တွင် နေထိုင်ကြသောသူ တို့မှာ ဘေးပတ်ဝန်းကျင်တွင်ဖြန့်ကျက်နေထိုက်ရင်း ကျေးရွာခွဲ လေးများအဖြင့် တည်ထောင် နေ ထိုင်ခဲ့ကြပါသည်။ နာယောင်လာကျေးရွာသည် ၎င်းတို့တည်ထောင်နေထိုင်ခဲ့သောကျေးရာတစ် ရွာဖြင်ပါသည်။ **"ခေါင်းစောင်း"** ဟူသည် **"တောင်ထိပ်"** ဟု အဓိပ္ပါယ် ရပါသည်။ လူမျိုး အနေဖြင့် ကယန်း **လဂီ** လူများများဖြစ်ကြပါသည်

ထိုအချိန် ၎င်းတို့သည် "တံခွန်တိုင်" ကိုသာယုံကြည်သက်ဝင်ကြပြီး (၁၉၀၇) ခုနှစ်တွင် အီတလီခရစ်ယာန် သာသနာပြုများ ဝင်ရောက် သာသနာပြုခြင်းဖြင့် တစ်ရွာလုံး ခရစ်ယာန် ဘာဝင်များ ဖြစ်လာခဲ့ကြသည်။ ထိုအချန်က ကျေးရွာတွင်း အမျိုး သမီးတို့မှာ လည်ပင်း တွင် ကျေးပတ်သော ဓလေ့ကို ကျင့်သုံးကြပြီး ခတ်ကာလတိုးတက်ပြောင်း လဲလာသည်နှင့်အမျှ ကျေးပတ်သည့်ဓလေ့မှာ ထိုကျေးရွာတွင် ပျောက်ကွယ်လုနီး အခြေအနေသို့ရောက်ရှိခဲ့ပါသည်။

လိုပူဒေသတွင် ၁၉၉၄ ခုနှစ်တွင် နိုင်ငံရေးပဋိပက္ခ နှင့် ပြည်တွင်းစစ်ပွဲများဖြစ်ပွားခဲ့သော ကြောင့် ဒဏ်း များ၊ ငွေကြေးပစ္စည်းများ၊ ကျွဲ၊ နွား စသည်တို့လုယက်ခံခဲ့ရပါသည်။ စစ်ပွဲ၏ဒဏ် ကြောင့် အိုးအိမ်ကိုစွန့်ထွက်ပြေးကြရပြီး ဖယ်ခုံမြို့နယ်၊ ပီကင်းကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ ကြကြောင်းလည်း သိရှိရပါသည်။

ပါဝင်ဖြေကြားသူများ-

| **ဦးဘယ်နာဘာတို** | **ဦးဒ** | **ဦးအန်ဗြွေးရာ** | **ဒေါ်အေမီးလျာ** | **ဒေါ်တင်လှ** |
|---|---|---|---|---|
| အုပ်ချုရေးမှူး | ရပ်မိရပ်ဖ | ရပ်မိရပ်ဖ | ရပ်မိရပ်ဖ | ရပ်မိရပ်ဖ |
| နာယောင်လာ | နာယောင်လာ | ခေါင်းစောင်း | နာယောင်လာ | နာယောင်လာ |

# ၃နှစ် စုကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်းဇယား

ကျေးရွာ - နာပေါင်ဆားနင်ဒေါင်းခေါင်း

ရက်စွဲ - ၁၅.၁၀.၂၀၁၇

စုစုပေါင်းဦးရေ ကျား - ၄၇ ဦး
မ - ၃၁ ဦး

| အဆင့် | စံသတ်မှတ်ချက် / ညွှန်ကိန်းများ | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ကား၊ လယ် (၂၀)ဧကအထက်၊ စက်ယန္တရား၊ တိုက်အိမ် ၂၀၀ ထပ်၊ နွား (၂၀)ကောင်၊ ဆိုင်ကယ်၊ ကြက်၊ ဝက် | ၈ + ၁ = ၉ | ၇ % |
| ၂ | ဆိုင်ကယ်၊ ထွန်စက်၊ နွား (၃-၅)ကောင်၊ ပျဉ်ထောင်အိမ် သွပ်မိုး၊ ဝက်၊ ကျွဲ၊ စက်ယန္တရား၊ လယ်ယာ (၂၀)ဧက၊ နွားလှည်း၊ ဆေး | ၅၂ + ၅ = ၅၇ | ၅၃.၈ % |
| ၃ | အငှားလိုက်၊ လုပ်ငန်းအလုပ်၊ နွားကျောင်း၊ ကလေးများ၊ ပျဉ်ထောင်သက်ကယ်မိုးအိမ်၊ တွင်းလှည်း | ၄၉ | ၃၉.၂ % |

# ဥစ္စာဓနအဆင့် သတ်မှတ်ချက် ၏သုံးသပ်ချက်

နာယောင်လာ ကျေးရွာ + ခေါင်းစောင်းကျေးရွာ ရက်စွဲ၊ ၁၅.၁၀.၂၀၁၇

နာယောင်လာ နှင့် ခေါင်းစောင်း ကျေးရွာအတွင်းရှိ ကျေးရွာလူထုများသည် လယ်/ယာ စိုက်ပျိုးရေး လုပ်ငန်း ကိုသာအဓိကထား လုပ်ကိုင် ကြပါသည်။ နာယောင်လာ နှင့် ခေါင်းစောင်း ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ချက်ဖော်ပြချက်ကို အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။


အဆင့်(၁) အဆင်ပြေသောအုပ်စုတွင် ကား၊ လယ်(၂) ဧကအထက်၊ တောင်ယာ၊ နွား(၂၀)ကောင်၊ တိုက်အိမ်(၂)ထပ်၊ ဆိုင်ကယ်၊ ဈေးဆိုင်၊ ကြက်၊ ဝက် စသည်တို့ကို ပိုင်ဆိုင် လုပ်ကိုင် ကြသည်။ များသောအားဖြင်း ထင်းရှူးသစ်အရောင်းအဝယ်ပြုလုပ်ခြင်း၊ ကျေးရွာတွင်းဈေး ရောင်းခြင်း တို့ကိုလုပ်ကိုင်ကြသောကြောင့် အဆင်ပြေသောအုပ်စုတွင်ပါဝင်ခြင်းဖြစ်သည်။

အဆင့်(၂) အလယ်အလတ်အုပ်စုတွင် ဆိုင်ကယ်၊ လယ်မြေ(၂)ဧက၊ ကြက်၊ ဝက်၊ ကျွဲ၊ နွား၊ စက်ဘီး၊ သွပ်မိုးပျဉ်ထောင်အိမ်၊ နွားလှည်း စသည်တို့ ကို ပိုင်ဆိုင်လုပ်ကိုင်ကြပါသည်။ နွေရာသီကာလ၌ ပြင်ပသို့ များဆုံး သစ်(လွှဆွဲ) သည့်လုပ်ငန်းကိုသွားရောက်လုပ်ကိုင်လေ့ရှိကြသည်။ ထို့ကြောင့် ၎င်းတို့သည် ထိုကာလများ၌ ဝင်ငွေကောင်းမွန်ကြပြီး ကျန်လများတွင် ဝင်ငွေမှာ ပုံမှန် နှင့် ပုံမှန်ထက်နိမ့်သည့်အခြေအနေတွင်တည်ရှိကြပါသည်။

အဆင့်(၃) အဆင်မပြေသောအုပ်စုတွင် ပျဉ်ထောင်သက်ကယ်အမိုးအိမ်၊ ကြက်၊ ဝက်၊ ကျပန်းအလုပ်၊ နွားကျောင်း၊ လက်တွန်းလှည်း စသည်တို့ကို ပိုင်ဆိုင်လုပ်ကိုင်ကြပါသည်။ လယ်၊ ယာမြေများ မပိုင်ဆိုင်ရတာ့သည့်အကြောင့်မှာ စားဝတ်နေရေး၊ စီးပွားရေးအဆင်မပြေမှုကြောင့် ရောင်းချလိုက်ရခြင်းကြောင့်ဖြစ်သည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်ရာတွင် ကျေးရွာတွင်း လယ်၊ယာ လုပ်ငန်းများတွင်နေ့စားလိုက်ခြင်း၊ ပြင်ပသို့ သစ်(လွှဆွဲ) ခြင်း၊ ထင်းရှူးဆီရှာခြင်း၊ ဝဉ နှင့် သစ်ခွပန်းများရှာဖွေခြင်း ဝမ်းစာကိုရှာဖွေလျှက်ရှိကြပါသည်။ ကျပန်းလုပ်ငန်းကိုသာ လုပ်ကိုင်ကြရခြင်းကြောင့် သော်လည်းကောင်း၊ ကျေးရွာတွင်းအလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးမှုကြောင့် သော်လည်းကောင်း အဆင်မပြေသည့်အုပ်စုတွင်ပါဝင်နေရခြင်းဖြစ်သည်။

**ပါဝင်ဆွေးနွေးသူ** **ပံ့ပိုးကူညီသူ**

ကျား=၄၇ ဦး / မ=၃၁ ဦး ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)



ပါဝင်ဆွေးနွေးသူ
ကျား - ၄၇
မ - ၃၁
ပင့်ကူအိမ်သုံးသပ်ခြင်း
ပညာတတ်မြောက်မှု
ဆုံးဖြတ်ပိုင်ခွင့်
ဦးဆောင်မှု
= ကျား
= မ

# ပင့်ကူအိမ် ရေးဆွဲခြင်း ၏ သုံးသပ်ချက်

နာယောင်လာကျေးရွာ + ခေါင်းစောင်းကျေးရွာ ရက်စွဲ၊ ၁၅.၁၀.၂၀၁၇

ပင့်ကူအိမ် သုံးသပ်ချက်သည် ကျေးရွာအတွင်းရှိ အမျိုးသမီးများ၏ အခြေအနေ၊ ဘဝရတည်မှု၊ လိုအပ်ချက်များပြည့်ဝမှု၊ အခွင့်အရေးများရရှိမှု နှင့် တရားမျှတမှု စသည့်အခြေအနေတို့ ကို အမျိုးသားများ နှင့် မျိုးသမီးများကြား ကွာဟနေသောခြားနားချက် တို့ ကိုသိရှိစေရန်ဖြစ်သည်။


နာယောင်လာကျေးရွာ နှင့် ခေါင်းစောင်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ခြင်းဇယား ကို ကြည့်ပါက အိမ်မှုကိစ္စ၊ အမွေရပိုင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာတတ်မြောက်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ ဩဇာလွှမ်းမိုးမှု၊ ရပ်ရွာရေးတွင်ပူးပေါင်းပါဝင်မှု နှင့် ဦးဆောင်မှု စသည့် အခြေခံ အချက် အလက်ပေါ်မူတည် ပြီး အမျိုးသား နှင့် အမျိုးသမီး ကြား ကွားခြားချက် ကိုဖေါ်ထုတ် ထားခြင်း ဖြစ်ပါသည်။

အိမ်မှုကိစ္စနှိုင်းယှဉ် မှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ လုပ်ကိုင် ဆောင်ရွက်ရ သောအနေအထားတွင်ရှိသည်။ ဇယားဖေါ်ပြပါ အဆင့်မှာ အမျိုးသမီး(၉) နှင့် အမျိုးသား(၅) တွင်တည်ရှိ နေပါ သည်။ အမွေရပိုင်ခွင့် နှိုင်းယှဉ် မှုတွင် အမျိုးသမီးများ၏ အဆင့်မှာ အမျိုးသားများထက် များစွာ နိမ့် ကျနေသေးသည့်အနေအထားဖြစ်ပါသည်။ အကြောင်းမှာ ကယန်းလူမျိုး တို့ သည် ရှေးယခင် ဘိုးဘွားလက်ထဲကတည်းက အမျိုးသားတို့ ကို သာအမွေဆက်ခံစေခဲ့ပြီး အမျိုးသမီးတို့ ကိုမူ အမွေခံစားခွင့်မပေးပဲ နေလာရာမှ ယနေ့ တိုင် ထိုဓလေ့ကို ကျင့်သုံးနေကြသောကြောင့်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်း နှင့် ပညာတတ်မြောက် မှု ဖော်ပြချက် တွင် အမျိုးသား တို့ သည်အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက် တစ်ဆင့်သာပိုပြီး ပညာတတ်မြောက်မှုအဆင့်တွင် အတူတူပင်ဖြစ်သည်။

ဆုံးဖြတ်ပိုင်ခွင့် နှင့် ဩဇာလွှမ်းမိုးမှု ဖေါ်ပြချက်တွင်လည်း အမျိုးသားများသာ အဆင့်ပို မြင့်နေပြီး အမျိုးသမီးတို့ ၏ အဆင့်မှာ နိမ့်ကျနေပါသည်။ ရပ်ရွာရေးပူးပေါင်းပါဝင်မှုအပိုင်းတွင် ကွာခြားမှု တစ်ဆင့်သာရှိပါသည်။ ထို့ ကြောင့် ပင့်ကူအိမ်သုံးသပ်ခြင်း ဖေါ်ပြချက်ကို ကြည့်ခြင်းအားဖြင့် နာယောင်လာကျေးရွာ နှင့် ခေါင်းစောင်းကျေးရွာ ရှိ အမျိုးသား နှင့် အမျိုးသမီးတို့ ၏ လူမှုဘဝ ရပ်တည်မှုကွာဟချက် အခြေအနေ တို့ ကိုကောင်းစွာသိရှိနိုင်မည်ဖြစ်ပါသည်။

**ပါဝင်ဆွေးနွေးသူ** **ပံ့ပိုးကူညီသူ**

ကျား=၄၇ ဦး / မ=၃၁ ဦး ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)



အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား
ရက်စွဲ - ၁၅.၁၀.၂၀၁၇
မ - ၃၁ ဦး
မြို့နယ်အုပ်ချုပ်ရေးမှူး
ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့
ရပ်မိရပ်ဖ
မယ်တော်သမီးအဖွဲ့
ကျေးရွာလူထု
လူငယ်အဖွဲ့
CA အသင်း

## အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုပြ ဇယားသုံးသပ်ချက်

နာယောင်လာကျေးရွာ + ခေါင်းစောင်းကျေးရွာ ရက်စွဲ၊ ၁၅.၁၀.၂၀၁၇

နာယောင်လာကျေးရွာ နှင့် ခေါင်းစောင်းကျေးရွာ အတွင်း အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုပြ ဇယားကို ဖေါ်ထုပ်ရာတွင် ကျေးရွာကိုမည်မျှအကျိုးပြု လုပ်ငန်းများ ဆောင်ရွက် သည်၊ ကျေးရွာတွင်း မည်မျှသြဇာသက်ရောက်မှုရှိသည် (ကောင်းခြင်း/ဆိုးခြင်း) နှင့် ကျေးရွာ တွင်း မည်မျှဆုံးဖြတ်ချက်ချနိုင်ခွင့်ရှိသည် စသည်တို့အပေါ်မူတည် ပြီး ဖော်ထုပ်ရေးဆွဲထားခြင်းဖြစ်သည်။

ဇယားပါ ဖော်ပြချက်အရ ကျေးရွာပြင်ပတွင်ရှိပြီး ကျေးရွာအတွင်းအဖွဲ့များနှင့် ထိစပ်မှုရှိသည့်အဖွဲ့ များမှာ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် ချိတ် ဆက်မှုများရှိပါသည်။ အုပ်ချုပ်ရေး ဆိုင်ရာကိစ္စရပ်များတွင် မြို့နယ်အုပ်ချုပ်ရေးမှူး မှ အုပ်စု အုပ်ချုပ်ရေးမှူး သို့ညွှန်ကြားလုပ် ဆောင်ကြသည်။ NGO/INGO အဖွဲ့အချို့တို့နှင့်ပူးပေါင်းပြီးကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာတွင်းအဖွဲ့များမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ မယ်တော်သမီးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်း အကောက်အကူပြုကော်မတီအဖွဲ့၊ CA အဖွဲ့၊ မမိုးအဖွဲ့ နှင့် အားနာအသင်း အဖွဲ့စသည့်အဖွဲ့များရှိကြပါသည်။ ၎င်းအဖွဲ့များသည် ကျေးရွာတွင်း လူမှုရေး၊ဘာသာရေး နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စအဝဝ တို့ကို အတူတကွပူးတွဲလုပ်ဆောင်လေ့ရှိကြ ပါ သည်။ ခေါင်းဆောင်းကျေးရွာသည် အိမ်ခြေအားဖြင့် (၁၃) အိမ်မျှသာရှိသောကြောင့် ၎င်းတို့ကျေး ရွာတွင် လူမှုရေး၊ဘာသာရေး နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး တို့ကို နာယောင်လာကျေးရွာနှင့်ပူးပေါင်းပြီးအတူတကွလုပ်ဆောင်ကြပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကိုဦးစွာချိတ်ဆက်ခြင်းဖြင့် ဆောင်ရွက်လိုသည်များကိုဆောင်ရွက်နိုင်ပါသည်။

ဇယားတွင်ဖေါ်ပြထားသော စက်ဝိုင်း အရွယ်အစား အကြီး၊ အသေး မှာ ၎င်းအဖွဲ့အစည်းများ၏ ကျေး ရွာအတွင်း သြဇာသက်ရောက်မှု၊ ကျေးရွာအတွက်ကျိုးပြုပေးနိုင်မှုနှင့် အရေးကြီးမှုတို့ကိုကိုယ်စားပြုဖေါ် ပြထားခြင်းဖြစ်ပါသည်။

**ပါဝင်ဆွေးနွေးသူ** **ပံ့ပိုးကူညီသူ**

ကျား=၄၇ ဦး / မ=၃၁ ဦး ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# ရာသီခွင်ပြဇယား

ကျေးရွာ- နားပေါင်းလေးနှင့်မြောင်းခေါင်း
ရက်စွဲ - ၁၅.၁၀.၂၀၁၇

ဆွေးနွေးသူဦးရေ ကျ - ၄၇ ဦး
မ - ၃၁ ဦး

| စဉ် | အကြောင်းအရာ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | မတ်လ | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁. | စိုက်ပျိုးရိတ်သိမ်းကာလ | | | | | / | /// | // | // | // | // | /// | // |
| ၂. | ငွေရှား ၊ ချေးငှား ၊ စီးပွားရေး | /// | // | / | / | / | | | | | | | |
| ၃. | ပွဲတော်ကာလ | / | / | | /// | | | | | | | | / |
| ၄. | မိုးများကာလ | | | | | / | // | /// | /// | /// | // | / | |
| ၅. | ကျန်းမာရေးမကောင်းကာလ | | | // | // | | | | | | | | |
| ၆. | ဝင်ငွေရရှိမှုများကာလ | | / | // | // | / | | | | | | | |
| ၇. | အလုပ်အကိုင်ရှားပါးကာလ | | | | / | / | | | | | | | |
| ၈. | ရေရှားပါးကာလ | | | / | /// | /// | | | | | | | |

# ရာသီခွင်ပြ ပြက္ခဒိန် ဇယား ၏သုံးသပ်ချက်

နာယောင်လာကျေးရွာ + ခေါင်းစောင်းကျေးရွာ ရက်စွဲ၊ ၁၅.၁၀.၂၀၁၇

နာယောင်လာကျေးရွာ နှင့် ခေါင်းစောင်းကျေးရွာ သည် စိုက်ပျိုးရေး လယ်/ယာ လုပ်ငန်းကို အဓိကထားပြီး လုပ် ကိုင်သောကျေးရွာဖြစ်သောကြောင့် မိုးတွင်းကာလတွင် စိုက်ပျိုးရေးလုပ်ငန်းကိုစတင်လုပ်ကိုင်ကြသည်။ ဇွန်လ မှ အောက်တိုဘာလ အတွင်း စပါး၊ပြောင်းနှင့် ပဲအမျိုးမျိုးတို့ ကို စိုက်ပျိုးကြပြီး နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ တွင် အများဆုံးရိတ်သိမ်းကြသည်။

ရိတ်သိမ်းပြီးသောသီးနှံတို့ ကိုတစ်နှစ်တာစားရန်အတွက်သာသိုလှောင်သိမ်းဆည်းတက်ကြပြီး ရောင်းချခြင်းမပြုကြပေ။ ထို့ကြောင့်မိသားစု၏ ဝင်ငွေရရှိရန်အတွက် ကျေးရွာတွင်းရှိအမျိုးသားတို့ သည် နွေရာသီအချိန်တွင် ပြင်ပသို့ သစ်ဆွဲ(လွှဆွဲ) ခြင်းအလုပ်ကိုသွားရောက်လုပ်ကိုင်လေ့ရှိကြသည်။ ထို့ကြောင့် ကျေးရွာတွင်းရှိ အိမ်ထောင်စု အများစုမှာ နွေကာလ များ၌ သာဝင်ငွေများ ရရှိကြသည်။

ကျေးရွာတွင်း ပွဲလမ်းသဘင်ကျင်းပသည့်အခြေအနေမှာ ဇန်နဝါရီလတွင် နှစ်သစ်ကူးပွဲတော်၊ ဧပြီလ တွင် တံခွန်တိုင်ပွဲတော်များ၊ ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော် နှင့်ကျန် ကြားကာလများတွင် မင်္ဂလာဆောင်ပွဲများကို ကျင်းပလေ့ရှိပါ သည်။ ခေါင်းစောင်းကျေးရွာ သို့ သွားသော လမ်းမှာ မြေသားလမ်းသာ ရှိ သေး သောကြောင့် မိုးများသောကာလဖြစ်သည့် ဇွန်လ မှ အောက်တိုဘာလ အထိ သည် ၎င်း ရွာသို့ သွားလာရန်ခက်ခဲသောကာလဖြစ်သည်။

မတ်လ နှင့် ဧပြီလ များတွင် ကလေးငယ်များ ဝမ်းပျက် ဝမ်းလျှောဖြစ်ခြင်း၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ များတွင် နာစေး ချောင်းဆိုး ဖြစ်ခြင်း စသည့် ကျန်းမာရေး ပြဿနာ အချို့ တို့ ကို ကြုံတွေ့ ခံစားကြရပါသည်။ နွေကာလဖြစ်သည့် မတ်လ မှ မေလ အထိ သည် ပူပြင်းခြောက်သွေ့ ရာသီဖြစ်သော ကြောင့် ၎င်းကျေးရွာများတွင် သောက်သုံးရေ အခက်အခဲရှိကြောင်းတွေ့ ရှိရပါသည်။

**ပါဝင်ဆွေးနွေးသူ**

ကျား=၄၇ ဦး / မ=၃၁ ဦး

**ပံ့ပိုးကူညီသူ**

ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

<u>နာယောင်လာကျေးရွာ နှင့် ခေါင်းဆောင်းကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း</u>

<u>ကော်မတီဝင်စာရင်း</u>

အုပ်စု။ လိုပူအုပ်စု　　　　　　　　　　ရက်စွဲ။ ၁၅.၁၀.၂၀၁၇

| စဉ် | ကော်မတီအမည် | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | ဥက္ကဋ္ဌ | ဦးခွန်းဆု | အုပ်စု ငွေထိန်း |
| | | ။ | ဦးရို | အုပ်စု စီထောက် |
| | | ။ | ဒေါ်မန်တလေးနာ | အုပ်စု စာရင်းကိုင် |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစိုး | |
| | | အဖွဲ့ဝင် | ဦးမောင်မောက် | |
| | | ။ | ဒေါ်မူလှိုင်း | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလော်ရင်းရှို | |
| | | အဖွဲ့ဝင် | ဒေါ်မာဂရက် | |
| | | ။ | ဒေါ်လိဘက် | |
| ၄။ | လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးကော်မတီ | ခေါင်းဆောင် | ဦးပိုးယူ | |
| | | အဖွဲ့ဝင် | ဦးပန်းစိန် | |
| | | ။ | ဒေါ်မူဆိုင်း | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်အန်းဂျေလာ | |
| ၆။ | ကျေးရွာ အကြံပြုတိုင်ကြားရေးကော်မတီ | အဖွဲ့ဝင် | ဦးရှယ် | အုပ်စုအကြံပြု ဥက္ကဋ္ဌ |
| | | ။ | ဒေါ်မူအွမ်း | |
| ၇။ | ကျေးရွာ စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးနှင်း | |
| | | ။ | ဒေါ်စိန်မေထွန်း | |

# <u>(၂၀၁၇- ၁၈) ခုနှစ် လိုပူအုပ်စု နာယောင်လာကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း</u>

# <u>ကော်မတီဂင်မှတ်တမ်းဓါတ်ပုံ</u>



## လိုပုနာယောင်လာ နှင့် ခေါင်းဆောင်းကျေးရွာတို့ ၏

## အစည်းအဝေးမှတ်တမ်းဓါတ်ပုံများ





# လိုပူနာယောင်လာကျေးရွာ နှင့် ခေါင်းဆောင်းကျေးရွာ၏

# အစည်းအဝေးမှတ်တမ်းဓါတ်ပုံများ





# ပုံစံ - ၁။ကျေးရွာအခြေခံအချက်အလက်များ (PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကျော်ဝင်းနိုင် | ၀၉-764538327 | ဦးစိုးနောင် |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား / မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု လိုမူ | ကျေးရွာ ဆိုင်းဆောင်း |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၁၃ | ဘာသာ (၁) ခရစ်ယာန် RC | ၁၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ ဦး | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | ၄၁ | ၂၉ |
| လူမျိုးစု (၂) ------------------------ | | |
| လူမျိုးစု (၃) ------------------------ | | |
| လူမျိုးစု (၄) ------------------------ | | |
| လူမျိုးစု (၅) ------------------------ | | |
| အိမ်ထောင်ဦးစီး | ၁၃ | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2014 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 4 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 45 မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် 50 မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှား/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ACF

(၂) ---------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦး[illegible]

လက်မှတ် နေ့စွဲ ၁၅,၁၀,၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦး[illegible]

လက်မှတ် နေ့စွဲ ၁၅,၁၀,၂၀၁၇

## ပုံစံ - ၂။စီမံကိန်းစက်ဝန်းအချိန်ဇယား(PC-2)



*ပုံစံ - ဝ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား* (PC 2)

| | | | |
|---|---|---|---|
| ဘမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာ/နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးဆုံးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဦး.ရှေလင်း | | | |
| နေ့စွဲ 15.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဖိုမှ | ကျေးရွာ နားဘောင်လာ + ဝါင်းဆောင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 15.10.2017 | 15.10.2017 | ၄၇ | ၃၁ | ၇၈ | ကယန်း ၇၈ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 16.10.2017 | 16.10.2017 | ၄၉ | ၂၅ | ၇၄ | ကယန်း ၇၄ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 22.10.2017 | 22.10.2017 | ၁၁ | ၅ | ၁၆ | ကယန်း ၁၆ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 6.12.2017 | 6.12.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 17.12.2017 | 17.12.2017 | 37 | 35 | 72 | ကယန်း 72 |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 7.1.2018 | 7.1.18 | 26 | 29 | 55 | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 7.1.2018 | 7.1.18 | 26 | 29 | 55 | ကျော်: | 55 |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 7.1.2018 | 7.1.18 | 26 | 29 | 55 | ကျော်: | 55 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 7.1.2018 | 7.1.18 | 26 | 29 | 55 | ကျော်: | 55 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 7.1.2018 | 7.1.18 | 26 | 29 | 55 | ကျော်: | 55 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ပုံစံ - ၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(PC-3)

လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးစိုးနေလင်း

| | |
|---|---|
| နေ့စွဲ ၁၅.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု လိုဖျ | ကျေးရွာ ဒေါင်းဆောင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးတွင်းကာလ ရွာတွင်းလမ်း သွားလာရခက်ခဲခြင်း။ | ၁ | မိုးတွင်းကာလ ရွာတွင်းလမ်း သွားလာရခက်ခဲခြင်း။ |
| ၂ | မူကြိုကျောင်း ခြံစည်းရိုး လုံခြုံမှုမရှိခြင်း။ | ၂ | မူကြိုကျောင်း ခြံစည်းရိုး လုံခြုံမှုမရှိခြင်း။ |
| ၃ | လျှပ်စစ်မီး မရ၍ ကလေးများ စာဖတ်ရန်ခက်ခဲခြင်း။ | ၃ | လျှပ်စစ်မီး မရ၍ ကလေးများ စာဖတ်ရန်ခက်ခဲခြင်း။ |
| ၄ | အားကစားကွင်း မရှိ၍ ကစားရန်ခက်ခဲခြင်း။ | ၄ | အားကစားကွင်း မရှိ၍ ကစားရန်ခက်ခဲခြင်း။ |
| ၅ | | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကျောက်ချောလမ်း ရှိလာမည်။ | ၁ | ရွာတွင်းလမ်း ကျောက်ချောလမ်း ရရှိလာမည်။ |
| ၂ | မူကြိုကျောင်း ခြံစည်းရိုး ရရှိလာမည်။ | ၂ | မူကြိုကျောင်း ခြံစည်းရိုး ရရှိလာမည်။ |
| ၃ | လျှပ်စစ်မီး ရရှိလာမည်။ | ၃ | လျှပ်စစ်မီး ရရှိလာမည်။ |
| ၄ | အားကစားကွင်း ရရှိလာမည်။ | ၄ | အားကစားကွင်း ရရှိလာမည်။ |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်းခြံစည်းရိုး | ကျား + မ | ၃၅ သိန်း | ၇၀ ဦး |
| ၂ | ကျောက်ချောလမ်း | 〃 | ၃၀၀ သိန်း | 〃 |
| ၃ | အားကစားကွင်း | 〃 | ၅၀ သိန်း | 〃 |
| ၄ | လျှပ်စစ်မီးသွယ်တန်းခြင်း။ | 〃 | – | 〃 |
| ၅ | | | | |

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျန်းမာရေး အသိပညာပေး သင်တန်း | ကျား+မ | ကျန်းမာရေး |
| | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးကျော်ဝင်းနိုင် လက်မှတ် [signature] နေ့စွဲ ၁၅.၁၀.၂၀၁၇

# နောက်ဆက်တွဲ(၄)၊ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | ကျောက် ချော လမ်း | ☑ မ ☑ ကျား | | |
| | ၃ | အားကစားကွင်း | ☑ မ ☑ ကျား | | |
| | ၄ | လျှပ်စစ်မီး သွယ်ခြင်း | ☑ မ ☑ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားဖွံ့ဖြိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | မူကြိုကျောင်း ခြံစည်းရိုး | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

<u>လူမှုဆန်းစစ်ခြင်းဆိုင်ရာ ပထမအကြိမ်အစည်းအဝေး မှတ်တမ်း</u>

ကျေးရွာ ။ ။ နာယောင်လာ အချိန်။ ။ 9:30 AM to 4:00 PM

အုပ်စု ။ ။ လိုပူအုပ်စု နေရာ။ ။ နာယောင်လာ စာသင်ကျောင်း

နေ့စွဲ။ ။ ၁၅.၁၀.၂၀၁၇ တက်ရောက်သူဦးရေ။ ကျား- ၄၇ ဦး / မ- ၃၁ ဦး

ဦးဆောင်ဆွေးနွေးမည့်သူ = ဦးစိုးနေလင်း(CF)၊ ဦးဂျော့စမိုင်းယာ(CF)၊ ဒေါ်ကျော့ကေခိုင်(TF)

**အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် -** လူထုဗဟိုပြုစီမံကိန်း အကြောင်းမိတ်ဆက်ခြင်း၊ ကော်မတီဝင်များပြန်လည်ရွေးချယ်အတည်ပြု ခြင်း နှင့် ကျေးရွာလူမှုဆန်းစစ်ခြင်း (PRA Tools) ပြုလုပ်ခြင်း။

အစည်းအဝေးအစီအစဉ်(၁)အရ တက်ရောက်သူများစာရင်းကိုကောက်ယူရာ အမျိုးသား (၄၇)ဦး နှင့် အမျိုးသမီး(၃၁)ဦးတို့ တက်ရောက်ကြသည်။ အစီအစဉ်(၂) ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဘယ်နာဘာတို မှအမှာစကားပြောကြားရာတွင် ကျေးရွာသူ/သားများ ယခုလိုစုံညီစွာတက် ရောက်လာကြသည့်အတွက်ဂမ်းသာကြောင်း၊ ယခု လူထုဗဟိုပြုကျေးရွာအစည်းဝေးကို နစ်ရက် တိုင်တိုင်ကျင်း ပပြုလုပ် မည်ဖြစ်ပါ၍ ကျေးရွာလူထုများအနေ ဖြင့် အစည်းဝေးတွင် အစ အဆုံး တက်ကြွစွာပူးပေါင်းပါဂင် စေလို ကြောင်းစသည်ဖြင့် အမှာစကားပြောကြား သွားခဲ့ပါသည်။

ဆက်လက်ပြီး တတိယနစ်စီမံကိန်းစက်ဂန်း၊ လိုပူအုပ်စုတွင်တာဂန်ထမ်းဆောင်မည့် ဂန်ထမ်း တစ်ဦးစီ မိတ်ဆက်ကြပါသည်။ အစည်းအဝေးအစီအစဉ် (၃)အရ လူထုဗဟိုပြု စီမံကိန်း အကြောင်း မိတ်ဆက်ခြင်းနှင့် အစီအစဉ် (၄) ဖြစ်သည့် စီမံကိန်းစက်ဂန်းအကြောင်း တို့ကို TF ဆရာမ ဒေါ်ကျော့ကေခိုင်မှ ရှင်းလင်းရာတွင် စီမံကိန်းကို စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်းမြောင်း ဂန်းကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တို့မှဦးဆောင်အကောင် အထည် ဖော်နေခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ငွေများကို ကမ္ဘာ့ဘဏ် မှချေးငွေဖြင့်ရရှိကြောင်း၊ ကျေးလက် နေပြည်သူများ၏ အခြေခံအဆောက်အအုံများကို လူထုချဉ်းကပ်မှု ဖြင့်ရယူသုံးစွဲ နိုင်စေရန်၊ အစိုးရနင့်အရပ်ဘက်အဖွဲ့ အစည်းများ စွမ်းဆောင်ရည်တို းတက်စေရန်၊ အရေး ပေါ်အခြေ အနေ များတွင်လျင်မြန်စွာတုန် ့ပြန်နိုင်စေရန် စသည့်ရည်ရွယ်ချက်တို ့ဖြင့် ဆောင်ရွက် ပါ ကြောင်း ရှင်းလင်းပေးခဲ့ပါသည်။ စီမံကိန်းစက်ဂန်းကို အပိုင်း(၆)ပိုင်း နှင့် အဆင့်(၁၄) ဆင့် ဟူ၍ခွဲခြား သတ်မှတ်ပြီးဆောင်ရွက်နေပါကြောင်း ရှင်းလင်းတင်ပြပေးခဲ့ပါသည်။

အစီအစဉ်(၆) စေတနာ့ဂန်ထမ်းရွေးချယ်ရန် ပြောကြားရာ တက်ရောက်လာကြသောလူထု တို့က လိုအပ်သောကော်မတီဂင်အားလုံးကို ယနေ့တွင်အပြီးရွေးချယ်စေလိုကြောင်းတင်ပြလာ သောကြောင့် ဆရာဦးစိုးနေလင်းမှ ဒုတိယနေ ၏အစီအစဉ် (၇)ဖြစ်သည့် ကော်မတီဖွဲ့စည်းပုံနှင့်

တာဝန်ဝတ္တရားအကြောင်းကိုရှင်းလင်းပေးခဲ့ပါသည်။ ဆက်လက်၍ ကော်မတီဝင်တစ်ဖွဲ့ စီကို တက်ရောက်လာကြသောလူထုများမှ အဆိုပြုစနစ်ဖြင့် ရွေးချယ်တင်မြှောက်ပေးကြပါသည်။ ကော်မတီဝင်များရွေးချယ်မှုအပြီးတွင် လူမှုဆန်းစစ်ခြင်းအစီအစဉ်ကို ပြန်လည်ပြုလုပ်ကြပါသည်။ လူမှုအရင်းအမြစ်ပြမြေပုံကို ပြန်လည်ဆွေးနွေးရာတွင် မိမိတို့ ကျေးရွာတွင်း ယခုချိန်ထိ တိုးတက်ပြောင်းလဲမှုများ တစ်စုံတစ်ရာ မရှိသေးသောကြောင့်ဒုတိယနှစ်စက်ဝန်းတွင်ပြုလုပ်ခဲ့သည့်မြေပုံကိုသာ ပြန်လည်အသုံးပြုရန် အတည်ပြုခဲ့ကြပါသည်။ ဆက်လက်ပြီး ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ ကျား၊ မ ရေးရာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ခြင်း၊ ရာသီခွင်ပြ ပြက္ခဒိန် တို့၏ ရေးဆွဲရခြင်းရည်ရွယ်ချယ်များ တို့ကို ပြန်လည်ရှင်းလင်းပြီး အတည်ပြုခဲ့ကြသည်။ ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုပြ တို့ကိုရှင်းပြပြီးအပြောင်းအလဲအချို့ရှိသောကြောင့်အသစ်ပြန်လည်ရေးဆွဲ နိုင်ရန်အတွက် ဆရာဦးကျော့စမိုင်းယာမှ ဦးဆောင်ဆွေးနွေးပေးခဲ့ပါသည်။

လူမှုဆန်းစစ်ခြင်း PRA တို့ကိုရေးဆွဲဆွေးနွေးမှုအပြီးတွင် ပထမနေ့ အစီအစဉ်တွင် ပြုလုပ်ခဲ့သော အစီအစဉ်အားလုံး၏ အနှစ်ချုပ်ကို ဆရာမဒေါ်ကျော့ကေခိုင်မှ အနှစ်ချုပ်တင်ပြခြင်းကို ပြုလုပ်ပေးခဲ့ပါသည်။ အစည်းအဝေးအစီအစဉ် နောက်ဆုံးအနေဖြင့် ကျေးရွာစီထောက် ဦးခွန်းဆုမှ ကျေးဇူးတင်အမှာစကားပြောကြားခြင်းနှင့် ဒုတိယအကြိမ်အစည်းအဝေးအတွက်ဖိတ်ကြားခြင်းတို့ကိုတစ်ပါတည်းပြုလုပ်ခဲ့ကြသည်။ ရွေးချယ်ခံထားကြရသောကော်မတီဝင်တို့ကို မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခြင်း အပြီးတွင် ပထမနေ့ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြပါသည်။

မှတ်တမ်းတင်သူ

ဦးစိုးနေလင်း(လူထုစည်းရုံးရေးမှူး)

# ဒုတိယအကြိမ် အစည်းအဝေး မှတ်တမ်း

ကျေးရွာ ။ ။ နာယောင်လာ အချိန်။ ။ 10:00 AM to 3:00 PM

အုပ်စု ။ ။ လိုပူအုပ်စု နေရာ။ ။ နာယောင်လာ စာသင်ကျောင်း

နေ့စွဲ။ ။ ၁၆.၁၀.၂၀၁၇ တက်ရောက်သူဦးရေ။ ကျား- ၄၉ ဦး / မ- ၂၅ ဦး

ဦးဆောင်ဆွေးနွေးမည့်သူ = ဦးစိုးနေလင်း(CF)၊ ဒေါ်ကျော့ကေခိုင်(TF)

**အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် -** ကော်မတီဝင်များပြန်လည်ရွေးချယ်အတည်ပြုခြင်းနှင့် ကျေးရွာ၏ ဦးစားပေးဖွံ့ ဖြိုးရေးလုပ်ငန်းများအားရွေးချယ်ခြင်း။

အစည်းအဝေးအစီအစဉ်(၁)အရတက်ရောက်လာသူစာရင်းကို ကျေးရွာစေတနာ့ဝန်ထမ်းများမှကူညီးကောက်ခံပေးကြပါသည်။ အစည်းအဝေးအစီအစဉ်(၂) ကိုမစတင်မှီ ပထမနေ့ အစည်းအဝေးတွင်ပြုလုပ်ခဲ့ကြသော PRA အကြောင်း တို့ ကို တက်ရောက်လာကြသောလူထုတို့ အားပြန်လည်မေးမြန်းခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်(၂) အရ ကျေးရွာ၏ အခက်အခဲ၊ပြဿနာ၊အတားအဆီးတို့ ကို ဖေါ်ထုတ်နိုင်ရန် အတွက် CF/TF များမှ ကျေးရွာလူထုအား color paper card များအား ကျား၊ မ တစ်ရောင်စီခွဲပေးကာ ၎င်းတို့ ကျေးရွာ၏ အခက်အခဲ၊ပြဿနာ၊အ တား အဆီး တို့ ကို ဖေါ်ထုတ်စေခဲ့ပါသည်။

အစီအစဉ်(၃)တွင် ကျေးရွာ၏ မျှော်မှန်းချက်တို့ ကိုဆက်လက်ဖော်ထုတ်ကြရာ ကျေးရွာလူထုအား၎င်းတို့ ကိုယ်တိုင် ဖော်ထုတ်ထားခဲ့သော အခက်အခဲ၊ပြဿနာ၊အ တား အဆီး တို့ မှ ကျေးရွာ၏ မျှော်မှန်းချက်ကို ပြန်ပြောင်းဖေါ်ထုတ်နိုင်စေရန် CF/TF တို့ မှစည်းရုံးလုပ်ဆောင်ပေး ကြ ပါသည်။ ကျေး ရွာ၏ မျှော်မှန်းချက်တွင် မျိုးသားများမှ (၁၀)ချက်နှင့် အမျိုးသမီးများမှ(၉) ချက်စီအသီးသီးဖော်ထုတ်ပေးခဲ့သည်။

အစီအစဉ်(၄)တွင် ကျေးရွာ၏ ဖွံ့ ဖြိုးရေးအစီအစဉ်ကို ဖော်ထုတ်နိုင်ရန်အတွက် ကျေးရွာ၏ တင်ပြထားသော မျှော်မှန်းချက်ထဲမှ မည်သည့်မျှော်မှန်းချက်တို့ ကို ကျေးရွာ၏ ဖွံ့ ဖြိုးရေးလုပ်ငန်းအဖြင့်သတ်မှတ်မလဲ? ဟုမေးမြန်းရာ ကျေးရွာလူထုတို့ က ၎င်းတို့ တင်ပြထားခဲ့ကြသော မျှော်မှန်းချက်များထဲမှ ကျေးရွာ၏ ဖွံ့ ဖြိုးရေးလုပ်ငန်းတို ့ ကိုပြန်လည်ရွေးချယ်ပေးကြပါသည်။ အစီအစဉ်(၅)တွင်အကာအကွယ်အကြောင်း၊ အကျုံးဝင်/မဝင် သောလုပ်ငန်းများအကြောင်း တို ့ကို TF မှ ရှင်းလင်းပေးခဲ့ရာ အကာအကွယ်(၂)မျိုးရှိကြောင်း လူမှုအကာအကွယ်နှင့်သဘာဝအကာအကွယ်တို ့ဖြစ်ကြောင်း၊ အကျုံးမဝင်သောလုပ်ငန်းခွဲများမှာ ဆည်တာတံမံများတည်ဆောက်ခြင်း၊ ပြန်

လည်ကုစားလို့ မရနိုင်လောက်သည့်အထိသဘာဝသစ်တောတို့ ကိုပျက်စီးစေသောလုပ်ငန်း၊ ဆင်းရဲသား၊လူနည်းစု၊အပယ်ခံအုပ်စုတို့ ကို ချန်လှပ်ခံထားရသောလုပ်ငန်းများဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပေးခဲ့သည်။

အစီအစဉ်(၆)တွင် ကျေးရွာ၏ဦးစားပေးအဆင့်သတ်မှတ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်းတို့ ကိုပြုလုပ်ကြသည်။ **နာယောင်လာကျေးရွာ**၏ ဦးစားပေးလုပ်ငန်းခွဲများမှာ-

1. စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း
2. ကျောက်ချောလမ်း(ဆေးခန်းသွားလမ်း)
3. ရွာတွင်းကျောက်ချောလမ်း
4. မူကြိုကျောင်းခြံစည်းရိုးကာရံခြင်း
5. ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း တို့ ဖြစ်ကြပြီး

**ခေါင်းစောင်းကျေးရွာ**၏ ဦးစားပေး လုပ် ငန်းခွဲများမှာ-

a) မူကြိုကျောင်းခြံစည်းရိုးကာရံခြင်း
b) ကျောက်ချောလမ်း
c) အားကစားကွင်း
d) လျှပ်စစ်မီးသွယ်တန်းခြင်း တို့ ဖြစ်ကြသည်။

အစီအစဉ်(၇) ကို ပထမနေ့ အစည်းအဝေးတွင်ပြုလုပ်ပြီးဖြစ်သောကြောင့် အစီအစဉ်(၈)ဖြစ်သည့် ဂေဖန်အကြံပြုဖြေရှင်းရေးအကြောင်းကို CF မှရှင်းလင်းပေးရာ ထိုစနစ်ကို စီမံကိန်း ဆောင်ရွက်ရာတွင် တာဝန်ခံမှု၊ တာဝန်ယူမှု ပိုမိုအားကောင်းလာစေရန်အတွက် နှင့် ပွင့်လင်း မြင်သာစွာ ဆောင်ရွက်ခြင်းဖြင်းစီမံကိန်းပန်းတိုင်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ် ကြောင်းရှင်းလင်းပေးခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် ကျေးရွာစီထောက် ဦးရှိ မှကျေးဇူးတင်အမှာစကားပြောကြားခြင်း၊ ကော်မတီဝင်များအား သဘောတူလက်မှ HR2/COC ရေးထိုးခြင်း၊ စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးခြင်း တို့ ကိုပြုလုပ်ကြပြီး ဒုတိယနေ့ အစီအစဉ်ကို ပိတ်သိမ်းခဲ့ပါသည်။

**မှတ်တမ်းတင်သူ (ဦးစိုးနေလင်း)**

**လူထုစည်းရုံးရေးမှူး**

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်/အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၁၆.၁၀.၂၀၁၄ | ရပ်မိရက်ဖ၊ကော်မတီဝင်၊ကျေးရွာလူထုများအားလုံး | ၄၇ | ၃၁ | ၇၈ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦများ၊လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေများ၊ရေထွက်ပေါက်၊ရေလှောင်ကန်၊သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၁၆.၁၀.၂၀၁၄ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊ | ၄၇ | ၃၁ | ၇၈ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရနအများလူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာကဏ္ဍ (Access Mapping) | ၁၆.၁၀.၂၀၁၄ | ကျေးရွာအတွင်းရှိအမျိုးသားနှင့်အမျိုးသမီးများ | ၄၇ | ၃၁ | ၇၈ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ပိုင်ဆိုင်မှု၊အခြေခံအဆောက်အဦးစသောလုပ်ငန်းများကိုဘယ်သူတွေကအသုံးပြု၊ထိမ်းချုပ်နေသလဲဆိုတာကိုဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၆.၁၀.၂၀၁၄ | အမျိုးသားများနှင့်အမျိုးသမီးများ၊ကျေးရွာလူထု | ၄၇ | ၃၁ | ၇၈ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၁၆.၁၀.၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ကျေးရွာလူထု | ၄၇ | ၃၁ | ၇၈ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၆.၁၀.၂၀၁၄ | ကော်မတီဝင်များ၊အမျိုးသမီး/သားဆင်းရဲနွမ်းပါးသူ | ၄၇ | ၃၁ | ၇၈ | စိုက်ပျိုးရိတ်သိမ်းကာလ(တောင်ယာ၊လယ်ယာ)၊စီးပွားရေး/ငွေရှာ(အရောင်းအဝယ်)၊ပွဲတော်ချိန်၊မိုးများကာလ၊ကျန်းမာရေးဆိုးကာလ၊ဝင်ငွေအကောင်းဆုံးကာလ၊အလုပ်ပါးကာလ၊ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၂၀၁၉.၁၀.၃၁ | အမျိုးသမီး/သား၊ လူထုအားလုံး | ၄၉ | ၂၅ | ၇၄ | ငွေကြေးအရင်းအနှီးမရှိ၊လမ်းပန်းဆက်သွယ်ရေး၊မီးလင်းရေး ရေလုံလောက်မှုမရှိဖုန်းဆက်သွယ်ရေး၊ကျန်းမာရေး၊ပညာရေး၊စီးပွားရေး၊စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာမျှော်မှန်းချက်များ (Village visions) | ၂၀၁၉.၁၀.၃၁ | ကျေးရွာလူထုအားလုံး | ၄၉ | ၂၅ | ၇၄ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ပညာရေး၊လူမှုရေး၊ကျန်းမာရေး၊ဘာသာရေးပိုမိုကောင်းမွန်လာ၊ကျေးရွာစည်းလုံးခြင်းပိုမိုကောင်းမွန်လာ၊စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ (Village Approve Vision) | ၂၀၁၉.၁၀.၃၁ | ရွာလူထုအားလုံး | ၄၉ | ၂၅ | ၇၄ | လမ်း(ကတ္တရာ)၊မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊စာသင်ကျောင်းတိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်းစဉ်များ (Village Object Vision) | ၂၀၁၉.၁၀.၃၁ | ရွာလူထုအားလုံး | ၄၉ | ၂၅ | ၇၄ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အဆင့်သတ်မှတ်ခြင်း၊တိုင်းတာခြင်း၊ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်းအကျဉ်းချုပ် (Village History) | ၂၀၁၉.၁၀.၃၁ | အမျိုးသမီး/သား၊လူထုအားလုံး | ၄၉ | ၂၅ | ၇၄ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊အိမ်ခြေ၊လူဦးရေ၊ လူမျိုး၊ဘာသာစသောကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း |